## ဆဋ္ဌသံဂါယနာ အမေးအဖြေ

# နိဒါန်း

ဤမည်သော ဆဋ္ဌသံဂါယနာ အမေးအဖြေ ကျမ်းတစ်ဆူ ထွက်ပြူလာခြင်း၏ အကြောင်းရင်း နိဒါန်းမှာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူ ထိုက်သော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူအပ်သော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ပေးတော်မူနိုင်သည့် သုတ်၊ အဘိဓမ္မာ၊ ဝိနည်း ဒေသနာ တော်တို့ကို အနှစ်ငါးထောင်မက ကြာမြင့်သည်တိုင်အောင် တည်ရစ်ရန် အလို့ငှါ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးကို အမှူး ထား၍ ပြည်ထောင်စု မြန်မာနိုင်ငံ၊ ယိုးဒယားနိုင်ငံ၊ သီဟိုဠ်နိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံနှင့် လောနိုင်ငံ အပါအဝင် ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံတို့မှ လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော သံဃနာယက၊ သံဃာထေရ၊ သံဃာ့ကြွင့် မထေရ်မြတ်ကြီးတို့ ဦးစီးဆောင်သော သင်္ဂီတိကာရကမထေရ် ၂၅၀၀ ကျော်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကို သာသနဒါယကာ အဖြစ် အမှူးပြု၍၎င်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့နှင့် ပြည်ထောင်စု နိုင်ငံတော်သူ နိုင်ငံတော်သားများကို စတုပစ္စယဒါယကာအဖြစ် အမှူးပြု၍၎င်း ရန်ကုန်မြို့ သိရီ မင်္ဂလာကုန်းမြေ ဆဋ္ဌသံဂီတိမဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီး အတွင်းဝယ် သာသနာနှစ် ၂၄၉၈-ခုနှစ် ကောဇာနှစ် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ခြောက်ကြိမ်မြောက် သံဂါယနာသဘင်ကို စတင်တော်မူခဲ့ကြလေသည်။

ဤသို့ ခြောက်ကြိမ်မြောက် သံဂါယနာ တင်တော်မူကြရာဝယ် ရှေးပဌမ သံဂါယနာ တင်တော်မူစဉ် အခါကာလက သံဃမဟာနာယက အရှင်မဟာ ကဿပ မထေရ်မြတ်ကြီးက တခုတခုသော သိက္ခာပုဒ်၊ တခုတခုသော တရားဒေသ နာတော်ကို "ဘယ်မြို့ ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း အကြောင်းရင်း ဝတ္ထုကြောင့် ပညတ်ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်" စသည်ဖြင့် မေးမြန်းတော်မူသောအခါ ဝိနည်းဆိုင်ရာ၌ အရှင်ဥပါလိ မထေရ်မြတ်က ပညတ်ရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြား၍ သုတ်၊ အဘိဓမ္မာဆိုင်ရာ၌ အရှင်အာနန္ဒာ မထေရ်မြတ်က ဟောရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြားတော်မူကြသကဲ့သို့ ဆိုင်ရာဆိုင်ရာ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း ဒေသနာတို့ကို မေးရန်၊ ဖြေရန် ကိစ္စအတွက်လည်း ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာ အဖွဲ့ကြီးက ကြိုတင်၍ စီစဉ်ခဲ့လေသည်။

သံဂါယနာတင်ရာ၌ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတို့ကို အမေးအဖြေ ပြုလုပ်ရန် တာဝန်ကား လွယ်ကူလှသည် မဟုတ်ချေ၊ ပိဋကကျမ်းဂန်အရပ်ရပ်တို့၌



နှံ့စပ် ကျေပြန် မွှေနှောက် ချောက်ချားနိုင်သော တိက္ခဉာဏ်၊ ဇဝနဉာဏ်၊ ဂမ္ဘီရ ဉာဏ် ထက်သန်အားကောင်း၍ သံဃာပရိသတ် လူပရိသတ် အလယ်တွင် နှုတ်တက် ရွရွ တိကျပြတ်သားစွာ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစိတ်ဖြင့် မေးစွမ်းနိုင်၊ ဖြေစွမ်းနိုင်သော ဗဟုဿုတ ပဋိဗလဉာဏ် ကုံလုံကြွယ်ဝသည့် ပုဂ္ဂလဝိသေသ တို့၏ အရာသာ ဖြစ်ချေသည်။

ထို့ကြောင့်ပင် ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာအဖွဲ့ကြီးက ပဉ္စနိကာယ် ကြီးကိုမေးတော်မူရန် ပုစ္ဆကပုဂ္ဂိုလ်အဖြစ် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တသောဘနမထေရ် (မဟာစည်) ကို၎င်း၊ ပဉ္စနိကာယ်ကြီးကို ဖြေကြားတော်မူရန် ဝိသဇ္ဇကပုဂ္ဂိုလ်အဖြစ် စစ်ကိုင်းမြို့ မင်းကွန်းဓမ္မနာဒတိုက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသထေရ် ကို၎င်း ရွေးကောက် တင်မြှောက်တော်မူခဲ့ကြလေသည်။

ဤသို့ ရွေးကောက် တင်မြှောက်ခဲ့သည့်အတိုင်း ဆဋ္ဌသံဂီတိ မဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ကြွရောက် လာကြကုန်သော သင်္ဂီတိကာရက သံဃပရိသတ် လူပရိသတ်တို့၏ အလယ်တွင် သံဃမဟာနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ ရေဝတာဘိဓဇမဟာရဋ္ဌဂုရု မထေရ် မြတ်ကြီး၏ ဩကာသဒါနကထာ မြွက်ကြားတော်မူ၍ ပုစ္ဆကထေရ်က ပုစ္ဆန ဉာဏ်ကိုအားပြုလျှင် ရှေ့ပလ္လင်ထက်သို့ တက်ခါ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ ၍၎င်း၊ ဝိသဇ္ဇကထေရ်က ဝိသဇ္ဇနဉာဏ်ကိုအားပြုလျှင် ဆင်စွယ်ဖြင့်စီအပ်သော ယပ်ဝန်းကို ကိုင်လျက် ရှေ့ပလ္လင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ ၍၎င်း၊ ရွံ့ရှားခြင်းကင်း ရဲရင့်သော စိတ်ဖြင့် ရှေးရှေးသော သံဂါယနာ အစဉ် အလာနှင့် အညီ မြတ်စွာဘုရား၏ **အာဟစ္စဘာသိတ** ဒေသနာတော်တို့ကို ပါဠိ မြန်မာ နှစ်ဘာသာတို့ဖြင့် တိကျပြတ်သားရှင်းလင်းစွာ နှုတ်တက်ရွရွ မေးဖြေတော် မူခဲ့ကြလေပြီ၊ မေးဖြေတိုင်းသော ဒေသနာ အစဉ်တို့ကိုလည်း နိုင်ငံတော်အသံလွှင့် ဌာနမှ အသံသွင်းစက်ဖြင့် အသံသွင်းယူပြီးလျှင် မြန်မာ့အသံမှ တဆင့် အသံလွှင့် ခဲ့လေသည်၊ ထိုသို့ အသံလွှင့်ခဲ့သည်ကို ကြားနာကြရသော ရဟန်းရှင်လူ အပေါင်း တို့သည် အားရတင်းတိမ်ခြင်း မရှိကြသဖြင့် ကျမ်းစာအုပ်အဆူအနေ စက်တင် ပုံနှိပ် ထုတ်ဝေပါရန် တောင်းပန်ကြလေသည်၊

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကလည်း ပိဋကတော်၏ အဆီအနှစ် သဖွယ် ဖြစ်သော ဤ သံဂါယနာ အမေးအဖြေတို့ကို မပျောက်မပျက်ရန် အလို့ငှါ၎င်း လေ့လာကျင့်သုံး ပွါးများလိုကြသူတို့အတွက် လွယ်လင့်တကူ ကြည့်ရှု နိုင်ရန် အလို့ ငှါ၎င်း



၁။ ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ်ရန်

၂။ ဓာတ်ပြားသွင်းရန်

အစီအစဉ် ရှိခဲ့သည့်အတိုင်း အမေးအဖြေ ဒေသနာတော် အသံတို့ကို အသံ သွင်းဓာတ်ပြားမှ ကူးယူ၍ စက်တင်ပုံနှိပ်ခဲ့သောကြောင့် သံဂါယနာ အမေးအဖြေ ဟူသော ဤကျမ်းစာအဆူ ထွက်ပြူလာခဲ့ခြင်း ဖြစ်ပါသည်။

အထူးအားဖြင့် ဤသံဂါယနာ အမေးအဖြေကျမ်း၌ ဆရာတော်နှစ်ပါးမေး ဖြေတော်မူကြသော အချက်အလက် များမှာ နာရီပိုင်းမျှ အခွင့်ရသော အချိန် ကာလအတွင်း၌ "အမြတ်ရတနာ အစုအပုံတည်းမှ သင့်ရာသင့်ရာ ရတနာတို့ကို ထုတ်ဆောင်ပြသကဲ့သို့" ဆိုင်ရာဆိုင်ရာ ပိဋကတို့မှ အရေးကြီးသော အချက်အ လက်များကိုသာ အချိန်ကာလနှင့် နှိုင်းချိန်၍ မေးဖြေတော် မူကြခြင်း ဖြစ်ပါသော ကြောင့် ထို့ထက် ကျယ်ဝန်းပြည့်စုံသော အနက်အဓိပ္ပါယ် မြတ်စွာဘုရား၏ စကားတော်များကို သိလိုကြပါသော သူတော်စင် အပေါင်းတို့သည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ပုံနှိပ် ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိပြီဖြစ်ပါသော **ပိဋကမြန်မာပြန်** ကျမ်းကြီးများ၌ ဆက်ရှုကြည့်ရှုနိုင်ကြပါသည်။

သို့ဖြစ်၍ အံ့ဘွယ် ရှစ်ပါးနှင့် ပြည့်စုံသော မဟာသမုဒ္ဒရာအတွင်း၌ နစ်မြုပ်၍ နေကြကုန်သော ရတနာ ခုနစ်ပါးတို့ကို ယူဆောင်၍ ပြလိုက်သကဲ့သို့ အံ့ဘွယ် ရှစ်ဖြာ သာသနာ့မှ ဝိမုတ္တိရသာ အမတချိုက် ချမ်းသာတည်းဟူသော အဆီ အနှစ် ဒေသနာတို့ကို ထုတ်ဆောင်၍ ပြရာဖြစ်သော ဤ **သံဂါယနာ အမေးအဖြေ** ကျမ်းကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ဆက်လက်လေ့လာ ကျင့်သုံးနိုင်ကြ ပါစေကုန် သတည်း။

[ပုံ] အသျှင်နာဂဝံသာဘိဝံသ

[ပုံ] အသျှင်ဝိသုဒ္ဓါဘိဝံသ

အကျိုးတော်ဆောင်ဆရာတော်များ

ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃာအဖွဲ့